ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ

(ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)

ဇီးကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆုတ် ၁၀ ရက်

၂၀၂၁ ခုနှစ်၊ ဩဂုတ် လ ၂ ရက်

## အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချမည့် ကြော်ငြာစာအမှတ်(၁၂/၂၀၂၁)

၁။ ဇီးကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၁-၂၀၂၂ Mini Budget(၁.၁၀.၂၀၂၁) မှ (၃၁.၃.၂၀၂၂)အထိ (၆)လတာကာလအပိုင်းအခြားအတွက် ရောင်းချမည်ဖြစ်သော အရပ်ရပ်အခွင့်အရေးလိုင်စင်များအနက်အပေါင်ဆိုင်လိုင်စင်များအားသက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း သားသတ်အခွင့်အရေးလိုင်စင်များအား အညီအမျှခွဲဝေ ချထားပေးခြင်းစနစ်ဖြင့်လည်းကောင်း အခြားလိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း၊ အောက်ပါအတိုင်း ရောင်းချမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

(က) အရပ်ရပ်အခွင့်အရေးလိုင်စင်များ
ရောင်းချမည့်နေ့ရက်များ - (၁၇.၈.၂၀၂၁) အင်္ဂါနေ့ (ပထမအကြိမ်)
- (၂၄.၈.၂၀၂၁) အင်္ဂါနေ့ (ဒုတိယအကြိမ်)
- (၁.၉.၂၀၂၁) ဗုဒ္ဓဟူးနေ့(တတိယအကြိမ်)
- (၇.၉.၂၀၂၁) အင်္ဂါနေ့ (ချိတ်ပိတ်တင်ဒါ)
- (၁၄.၉.၂၀၂၁) အင်္ဂါနေ့ (အခြားနည်း)

(ခ) အရပ်ရပ်အခွင့်အရေးလိုင်စင်များ
ရောင်းချမည့်အချိန် - နံနက်(၁၀:၀၀)နာရီ

(ဂ) အရပ်ရပ်အခွင့်အရေးလိုင်စင်များ
ရောင်းချမည့်နေရာ - မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး
ဇီးကုန်းမြို့

၂။ လျှောက်လွှာတင်သွင်းလိုသူသည် အရပ်ရပ်အခွင့်အရေးလိုင်စင်လျှောက်လွှာ၊ အထွေထွေစည်းကမ်း၊ လိုင်စင်စည်းကမ်း(၁)စုံလျှင်(ကျပ်-၁၅၀၀၀/-)(ကျပ်-တစ်သောင်းငါးထောင်တိတိ)ဖြင့် အဖွဲ့ရုံး၌ ဝယ်ယူနိုင်ပြီး သတ်မှတ်ထားသည့် လိုင်စင်ဆွဲဝယ်ခွင့်လျှောက်လွှာပုံစံအား ပြည့်စုံစွာဖြည့်စွက်၍ လိုင်စင်ရောင်းချမည့်နေ့မတိုင်မီ တစ်ရက်ကြိုတင်၍ (၁၅)နာရီအတွင်း (POP) ပေးသွင်းပြီး အောက်ပါစာရွက်စာတမ်းများနှင့်အတူ တင်သွင်းရမည်။

(က) အမှုဆောင်အရာရှိ ရာထူးအမည်ဖြင့် ပူးတွဲဖော်ပြပါ စားပွဲတင်အာမခံငွေ ပေးသွင်းထားသည့် ငွေထုတ်ယူခွင့်အမိန့် (POP)၊

(ခ) မိမိနေထိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ စိစစ်ထောက်ခံချက်၊

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်၊

(ဃ) မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းလဝက(၆၆/၆)ပုံစံမူရင်း၊

(င) ဆွဲဝယ်သည့်လိုင်စင်သည့်လိုင်စင်တန်ဖိုးထက် လျော့နည်းမှုမရှိသည့် ငွေစုစာအုပ်မူရင်း(သို့) ငွေစုလက်မှတ်မူရင်း(သို့) မိမိပိုင်ဆိုင်သည့် အိမ်မြေဂရံမူရင်း(အခြားသူပိုင်ဆိုင်ပစ္စည်းအား (Special Power) ဖြင့် လွှဲအပ်သည့် အိမ်မြေဂရံမဖြစ်စေရ၊

(စ) အိမ်မြေဂရံတင်ပြပါက အိမ်မြေဂရံနှင့်အတူ အလားလေးဘက် ဓါတ်ပုံ(၄)ပုံ မိမိနေထိုင်ရာ မြို့နယ်စည်ပင်သာယာတန်ဖိုးဖြတ်အဖွဲ့၏ စီစစ်တန်ဖိုးဖြတ်မှုအပေါ် အမှုဆောင်အရာရှိ၏ ထပ်ဆင့်ထောက်ခံချက်၊

(ဆ) မိမိနေထိုင်ရာ မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်(သို့) အခွန်နှင့်ပတ်သက်၍ လုံလောက်သည့်အစီအမံ ပြုလုပ်ပြီးကြောင်း ထောက်ခံချက်၊

(ဇ) အရပ်ရပ်အခွင့်အရေးလိုင်စင်ဆွဲဝယ်သူသည် ဇီးကုန်းမြို့နယ်အတွင်းမှာ မဟုတ်ဘဲ အခြားမြို့နယ်များမှ ဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အခွန်ကင်းရှင်းကြောင်း အမည်ပျက်စာရင်းဝင်နှင့် အမည်ပျက်မိသားစုစာရင်းဝင် မဟုတ်ကြောင်း ထောက်ခံချက်၊

၃။ အရပ်ရပ်အခွင့်အရေးလိုင်စင်မအောင်မြင်သူများအား စားပွဲတင်အပ်ငွေကို အရပ်ရပ်အခွင့်အရေးလိုင်စင်ရောင်းချခြင်းပြီးဆုံး၍ (၁၀)ရက်ပြည့်မှ သာသတ်မှတ်ချက်နှင့်အညီ စီစစ်၍ ပြန်လည်ထုတ်ယူခွင့်ပြုမည်ဖြစ်ပြီး အရပ်ရပ်အခွင့်အရေးလိုင်စင်အောင်မြင်သူများအား အဖွဲ့သို့ပေးသွင်းရမည့်ငွေနှင့် ခုနှိမ့်ပေးသွင်းခွင့်ပြုမည်။

၄။ အရပ်ရပ်အခွင့်အရေးလိုင်စင်ရောင်းချသည့်နေ့တွင် လျှောက်ထားသူကိုယ်တိုင်(ကိုယ်တိုင်)တက်ရောက်ရမည်ဖြစ်ပြီး သတ်မှတ်ချိန်ထက်နောက်မကျဘဲ ကြိုတင်ရောက်ရှိနေရမည်။အရပ်ရပ်အခွင့်အရေးလိုင်စင်ဆွဲဝယ်ခြင်းနှင့်ပတ်သက်၍ အသေးစိတ်ကိုသိလိုလျှင် ရုံးချိန်အတွင်း ဖုန်းနံပါတ် ၊ ၀၅၃-၃၄၀၁၂ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမှုဆောင်အရာရှိ

(မျိုးဇင်ဝင်း၊ ဦးစီးအရာရှိ)

စာအမှတ်၊ ၄၈၅ / ဃ-၂ / ဓက-၁ ( ၀၀၁ )

ရက်စွဲ ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ် လ ၂ ရက်

**ဖြန့်ဝေခြင်း**

၂၀၂၀-၂၀၂၁ခုဘဏ္ဍာရေးနှစ်လိုင်စင်စီများအားလုံး

အဖွဲ့ရုံး/ ဈေးကြော်ငြာသင်ပုန်း၊ဇီးကုန်းမြို့

မိတ္တူကို

ညွှန်ကြားရေးမှူး၊ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ပဲခူးမြို့

ဥက္ကဋ္ဌ၊ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊သာယာဝတီမြို့

ဥက္ကဋ္ဌ၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ဇီးကုန်းမြို့

ဥက္ကဋ္ဌ၊မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် အဖွဲ့ဝင်များအားလုံး၊ဇီးကုန်းမြို့

ဥက္ကဋ္ဌ၊ ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့၊ဇီးကုန်းမြို့

အမှုဆောင်အရာရှိ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၊ [illegible] မြို့

ကြော်ငြာဖိုင်

ရုံးလက်ခံ

မျှော့စာတွဲ

ဒီးကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့

၂၀၂၁-၂၀၂၂ Mini Budget အတွက် ရောင်းချမည့်အရပ်ရပ်အခွင့်အရေး လိုင်စင်များ

| စဉ် | လိုင်စင်အမျိုးအစား | ကြမ်းခင်းဈေး | စားပွဲတင်<br>အာမခံငွေ | မှတ်ချက် |
|---|---|---|---|---|
| | **အညီအမျှခွဲဝေချထားပေးခြင်းစနစ်ဖြင့် ရောင်းချမည့်** | | | |
| | **လိုင်စင်များ** | | | |
| ၁ | မြို့မအမဲလိုင်စင် | ၆၃၈၀၀၀၀ | ၃၁၉၀၀၀၀ | |
| ၂ | မြို့မဆိတ်လိုင်စင် | ၁၂၉၃၀၀၀ | ၆၄၆၅၀၀ | |
| ၃ | မြို့မဝက်လိုင်စင် | ၆၀၅၀၀၀၀ | ၃၀၂၅၀၀၀ | |
| ၄ | ဆိတ်ဖူးကျင်းဝက်လိုင်စင် | ၅၅၀၀၀၀ | ၂၇၅၀၀၀ | |
| ၅ | သင်ကန်ဝက်လိုင်စင် | ၁၃၄၈၀၀၀ | ၆၇၄၀၀၀ | |
| ၆ | လေးမျက်နှာဝက်လိုင်စင် | ၂၇၅၀၀၀ | ၁၃၇၅၀၀ | |
| | **သက်တမ်းတိုးစနစ်ဖြင့် လေလံရောင်းချမည့်** | | | |
| | **လိုင်စင်များ** | | | |
| ၇ | အပေါင်ဆိုင်(၁)လိုင်စင် | ၁၈၂၄၀၀၀ | ၉၁၂၀၀၀ | |
| ၈ | အပေါင်ဆိုင်(၂)လိုင်စင် | ၁၁၉၉၀၀၀ | ၅၉၉၅၀၀ | |
| ၉ | အပေါင်ဆိုင်(၃)လိုင်စင် | ၁၀၀၀၀၀၀ | ၅၀၀၀၀၀ | |
| ၁၀ | အပေါင်ဆိုင်(၄)လိုင်စင် | ၁၂၁၆၀၀၀ | ၆၀၈၀၀၀ | |
| ၁၁ | အပေါင်ဆိုင်(၅)လိုင်စင် | ၁၁၀၃၀၀၀ | ၅၅၁၅၀၀ | |
| ၁၂ | အပေါင်ဆိုင်(၇)လိုင်စင် | ၁၁၀၃၀၀၀ | ၅၅၁၅၀၀ | |
| | **ဈေးပြိုင်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည့်** | | | |
| | **လိုင်စင်များ** | | | |
| ၁၃ | မြို့မဈေးကောက်လိုင်စင် | ၆၄၄၆၀၀၀ | ၃၂၂၃၀၀၀ | |
| ၁၄ | အဖွဲ့ပိုင်မြေလမ်းနှင့် လမ်းနယ်မြေအသုံးပြုခြင်းအပေါ် | ၂၇၃၉၀၀၀ | ၁၃၆၉၅၀၀ | |
| | စည်းကြပ်ကောက်ခံခြင်းလိုင်စင် | | | |
| ၁၅ | မြို့မဈေးစက်ဘီးထိန်းလိုင်စင် | ၂၁၁၈၀၀၀ | ၁၀၅၉၀၀၀ | |
| ၁၆ | မင်္ဂလာရေကန်ရေစည်ကောက်လိုင်စင် | ၂၁၁၈၀၀၀ | ၁၀၅၉၀၀၀ | |
| ၁၇ | မြို့မဈေးအိမ်သာကောက်လိုင်စင် | ၁၄၃၀၀၀၀ | ၇၁၅၀၀၀ | |
| ၁၈ | နွားပွဲဈေးလိုင်စင် | ၁၀၄၅၀၀၀၀ | ၅၂၂၅၀၀၀ | |
| ၁၉ | နွားပွဲဈေးစက်ဘီးထိန်းလိုင်စင် | ၇၇၀၀၀၀ | ၃၈၅၀၀၀ | |
| ၂၀ | ယာဉ်ရပ်နားခွန်ကောက်လိုင်စင် | ၃၈၅၀၀၀ | ၁၉၂၅၀၀ | |
| | | | | |
| | **စုစုပေါင်း** | ၄၉၇၉၇၀၀၀ | ၂၄၈၉၈၅၀၀ | |